# ဦဦ
# မချစ်ဘူး



# အခန်း(၁)

"သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိတယ်လို့ မင်းပြော တာကို ငါတို့ ရှတန်းကတည်းက သိခဲ့ကြတာပဲ၊ ရုပ်ဝတ္ထုအနေနဲ့ ဆိုရင်တော့ ငါ ဘာမှ ငြင်းစရာမရှိဘူး၊ ဒါပေမဲ့ မင်းအခုပြောနေတာက စိတ်ပိုင်းဆိုင်ရာကို ပြောနေတာပဲ စိုးမောင် ...၊ အဲဒါကိုတော့ ငါလက်မခံဘူး"

"မေတ္တာရဲ့ သဘောက အသွားအပြန်ရှိတယ် မဟုတ်လား၊ ငါက အခု ခေမာ့ကို မေတ္တာထားတယ်ကွာ၊ ချစ်တယ်ဆိုကြပါစို့။ အဲဒီ ငါ့အချစ် ငါ့ မေတ္တာဟာ သူ့အပေါ်မှာ သက်ရောက်မှုတစ်ခုရှိပြီး ငါ့ကို တစ်ခုခုတော့ တုံ့ပြန်မှာ ပဲ"

စိုးမောင်စကားကိုကြားတော့ ခိုင်မင်းက ပြုံးသည် ။ ပြီးတော့ အရှေ့မှာ ရှိသည့် လက်ဖက်ရည်ခွက်ကို လက်စသတ်လိုက်သည် ။ ကျန်သူငယ်ချင်းတွေက ခိုင်မင်း ဘာပြောမလဲဆိုတာ စိတ်ဝင်စားနေကြသည် ။

သူတို့ သူငယ်ချင်း ခြောက်ယောက်ထဲတွင် စာအဖတ်ဆုံး စိုးမောင်နှင့် ခိုင်မင်းတို့ မထင်မှတ်ဘဲ စကားရည်လုပွဲကလေး ဖြစ်သွားသဖြင့် ဘေးက သူငယ်ချင်းတွေက ဝင်မပြောဘဲ စိတ်ဝင်တစား စောင့်ကြည့်နေခြင်း ဖြစ်ပါသည် ။

"ဒါဆိုရင် မင်းဆိုလိုတာက မင်းက ခေမာ့ကို ချစ်ခြင်းမေတ္တာသက်ရောက်တော့ ခေမာကလည်း မင်းကိုချစ်ခြင်းမေတ္တာပဲ တန်ပြန်သက်

ရောက်ရမယ်ပေါ့"

"အေး ... ဟုတ်တယ်"

"သက်ရောက်မှုနဲ့ တန်ပြန်သက်ရောက်မှု သီအိုရီက အရာဝတ္ထုတွေနဲ့ ပဲဆိုင်တယ်။ ခံစားချက်နဲ့ မဆိုင်ဘူး စိုးမောင်။ ကဲ ... မြတ်စွာဘုရားနဲ့ ဒေဝဒတ်ကိုပဲကြည့် ဒေဝဒတ်က မြတ်စွာဘုရားကို မုန်းတယ်၊ မင်းပြောသလိုဆို မြတ်စွာဘုရားကလည်း ဒေဝဒတ်ကို မုန်းရမလို ဖြစ်နေတာပေါ့။ ဒါပေမဲ့ မြတ်စွာဘုရားက ဒေဝဒတ်ကို မမုန်းဘူးမေတ္တာပဲထားတယ်"

"အင်း ... နင်တို့ နှစ်ယောက် ငြင်းနေတာကလည်း ဘုရားတောင်ပါလာပြီနော်"

နိုးက မေးထောက်နားထောင်နေရာမှ ဝင်ပြောသည် ။ နိုး၏ နာမည်အရင်းက မေမြတ်နိုးဖြစ်သည် ။ သူက သူ့ကိုယ်သူ "နိုးက" "နိုးက"ဟု သုံးတတ်သဖြင့် သူ့နာမည် နိုးဖြစ်သွားခြင်းဖြစ်သည် ။

"ဟုတ်တယ်လေ၊ ဒေဝဒတ်အပေါ်ကို မြတ်စွာဘုရားထားတဲ့ မေတ္တာကို ဒေဝဒတ်မြေမြို့တော့ တန်ပြန်သက်ရောက်မှုအနေနဲ့ ရတာပဲ မဟုတ်လား၊ ဒေဝဒတ်က မြတ်စွာဘုရားကို အူလှိုက်အသည်းလှိုက်ကန်တော့ပြီး မေတ္တာထားသွားတယ် မဟုတ်လား ။ ဒါကြောင့် မေတ္တာဟာ သက်ရောက်မှုဖြစ်ပြီး တန်ပြန်သက်ရောက်မှုရှိရမည်လို့ ငါပြောတာ"

"ဒေဝဒတ်က သူအရှုံးကြီးရှုံးမှန်းသိတော့မှ မြတ်စွာဘုရားရဲ့ မေတ္တာတော် ကရုဏာတော်ကို သိသွားရှာတယ်လေ။ အဲဒီတော့ မင်းခေမာက ယောကျ်ားရ ကလေးလည်း သုံးယောက်လောက်ရပြီးတော့မှ မင်းကို အူလှိုက် အသည်းလှိုက် ချစ်ပါတယ်ဆိုရင် မင်း သူ့မေတ္တာကို လက်ခံဦးမှာ

လား"

ခိုမင်းစကားကြောင့် သူငယ်ချင်းတွေက ပြုံးသူပြုံး ရယ်သူရယ်ခြစ်ကုန်ကြသည် ။

"ငါဆိုလိုတာက မေတ္တာဟာ အသွားအပြန်ရှိတယ်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းက သက်ရောက်မှုရှိတိုင်း တစ်ဖက်က တန်ပြန်သက်ရောက်ရမယ်ဆိုတာတော့ မဟုတ်ဘူး ဆိုတာပါပဲ"

စိုးမောင်က စိတ်ပျက်လက်ပျက် အမူအယာဖြင့် ခေါင်းကိုရမ်းနေသည် ။

"ခိုင်မင်းပြောတာ ငါလက်ခံတယ် စိုးမောင်၊ ငါ့ကို ရပ်ကွက်ထဲက ကောင်လေးတစ်ယောက်က အသေအလဲကြိုက်ဖူးတယ်။ သူ ငါ့ကို ချစ်တယ်ဆိုတာကို ငါ သံသယမဖြစ်ပါဘူး။ ယုံပါတယ်၊ ဒါပေမဲ့ ငါ သူ့ကို ဘယ်လိုမှ ပြန်ချစ်လို့ မရတာ ကဲ ..."

"ကဲမနေကြနဲ့ ၊ ငါတို့ canteen ဆင်းတာ တော်တော်ကြာသွားပြီ MD က လူသစ်ဆိုတာတော့ လက်စွမ်းက ပြချင်နေတာ၊ တော်ကြာ Report ရေးတင်နေရဦးမယ် လစ်ကြစို့"

"နေစမ်းပါဦး ချစ်ဖွေးရာ မင်းက နေရာတကာ လိုက်စိတ်ပူနေတာပဲ MD အသစ်ဆိုတော့ သူက ငါတို့ ကို ဖားရမှာ ကွ၊ ဘယ်ကောင်က ဘာဆိုတာ သူသိသေးတာ မဟုတ်ဘူး ။ ဒီမှာ အရှုံးအနိုင်ကိစ္စက ရှိသေးတယ်လေ သုံးမိနစ်ပဲစောင့်"

လှဝင်းစကားကြောင့် ချစ်ဖွေးငြိမ်သွားသည် ။

"ကဲ ... ဒါဆို ဘယ်သူက နိုင်တာလဲ"

"ဟဲ့ ... ခိုင်မင်းနိုင်တာပေ့ါဟဲ့၊ ခိုင်မင်းပြောတဲ့ စကားကို စိုးမောင်က

ပြန်မှ မပြောနိုင်တော့တာ၊ အဲဒီတော့ ဒီဝိုင်းရဲ့ မူပိုင်ရှင်က ကိုကိုစိုးမောင်ပါတဲ့ ရှင်"

စိုးမောင် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကိုငုံ့၍ ကုတ်သည် ။ ပြီးတော့ ခေါင်းကိုလည်း ခါရမ်းလိုက်သေး၏။

"ငါရှင်းမှာ ပါ၊ ဒါပေမဲ့ ဒီကိစ္စကိုတော့ ငါက အရှုံးပေးသွားတာ မဟုတ်ဘူး နော် နောင်ကြုံတော့ စမ်းကြည့်ကြသေးတာပေ့ါ"

ထို့နောက် သူတို့ Company သို့ ပျော်ရွှင်စွာ ပြန်လာကြသည် ။ သူတို့ Company ရှိသော တာဝါသည် ဆယ့်လေးထပ်မြင့်ပြီး အခန်းနှစ်ဆယ့်ရှစ်ခန်းရှိသည် ။ သူတို့ Company က လေးထပ်တွင် ရှိသည် ။

သူတို့ Company ကို လွယ်လွယ်ခေါ်လျှင် အကျိုးဆောင် Company ဟု ခေါ်၍ ရမည်ထင်သည် ။ မန္တလေးကမှာ သော ပစ္စည်းများကို သွားပို့ပေးရသည် ။ မော်လမြိုင်မှ ပစ္စည်းကို ရန်ကုန်က လိုချင်သောအခါ မော်လမြိုင်အထိ သွားယူပေးရသည် ။ သူတို့ Company မှာ ကုန်တင်ကားကြီး ၃၀ ရှိသည် ။ ယာဉ်မောင်းနှင့် အကူတစ်ယောက်နှင့် ဆိုလျှင် အယောက် ၆၀ ရှိသည် ။

ထိုလူအယောက် ၆၀ကတော့ ဒီမှာ မရှိပါ။ ကားကြီးများ ထားသော မြို့အစွန်က ဂိုထောင်တွင် သာ ရှိပါသည် ။ ခိုင်မင်းတို့ အလုပ်က နယ်မှ နေ၍ "ဘာပစ္စည်းကို ဘယ်အရောက်ပို့ချင်ပါတယ်" ဟု ဆိုလျှင် ပွဲရုံနှင့် ဆက်သွယ်၊ ကားအစီး ၃၀ထဲက သင့်တော်သော ကားတစ်စင်းကို ရွေးပြီး သတ်မှတ်ရက်အတွင်း သတ်မှတ်နေရာကို ပို့ပေးရသော အကျိုးဆောင် Company သာ ဖြစ်ပါသည် ။

အခြား Company တွေဖြစ်သော အလှကုန်ပစ္စည်း၊ ယိုးဒယားပလတ်စတစ်ပစ္စည်း၊ လျှပ်စစ်နှင့် ပတ်သက်သော ပစ္စည်းစသော Company

တွေလည်း ရှိသေးရာ မနက်ပိုင်းဆိုလျှင် Company မှ မမများ သည် ဝတ်စုံအရောင်အသွေးမျိုးစုံနှင့် ကော်ရစ်တာတစ်လျှောက် ဒီဘက်မှ ဟိုဘက် ဟိုဘက်မှ ဒီဘက် လမ်းသလားကြရာ ပျော်စရာကြီးကို ဖြစ်နေတော့သည် ။

တချို့ကလည်း File ကိုကိုင်၁င အပြေးအလွှား၊ တချို့ကလည်း Hand Phone ကိုကိုင်ရင်း ပြောရင်း ခပ်သုတ်သုတ်သွား စသည် ဖြင့် ထမင်းစားချိန်မတိုင်မီအထိ အလုပ်ရှုပ်ကြလေသည် ။

ကိုယ့်အခန်းကို ကိုယ်ပြန်ရောက်၍ ခိုင်မင်း နယ်အမှာ စာတွေ ရေးနေတုန်းမှာ No ရောက်လာသည် ။ လက်ထဲမှာ စတီးလ်ထမင်းချိုင့် အဆင့်ကလေးတစ်ဆင့် ကိုင်၍ ထား၏။

"ဘာကိစ္စလဲ ... နိုး"

"နင်ကြိုက်တတ်တဲ့ ဟင်း ... ချက်လို့ လာပေးတာ"

"ဘာဟင်းလဲ"

"ဘဲဥချဉ်ဟင်း"

ခိုင်မင်းဘောလ်ပင်ကို ပစ်ချပြီး မတ်တတ်ထရပ်၍ နိုး၏ လက်ထဲမှ ထမင်းချိုင့်ကို ယူ၍ ကြည့်သည် ။ စတီးလ်ထမင်းချိုင့်ကလေးထဲတွင် ဘဲဥသုံးခြမ်းသည် မှောက်နေ၏။

"ဟင် ... သုံးခြမ်းတည်းဆိုတော့ နင်နဲ့ ငါ ဘယ်လိုစားမှာ လဲဟ"

"အမလေး ... ကိုယ်တော် တပည့်တော်မက ကိုယ်တော့်အတွက် သီးသန့်ချက်လာတာပါ။ တပည့်တော်မအတွက်က သပ်သပ်ချက်ပြီးသားပါ
"

သူ့ကို ရွဲ့ပြောနေသော မြတ်နိုးကို စေ့စေ့ကြည့်မိတော့ မြတ်နိုးလည်း ချောတာပဲဟု စိတ်ထဲမှာ တွေးမိသွားသည် ။ ပြီးတော့ ... သက်ပြင်းကို ချလိုက်သည် ။

"ဟိုကောင်တွေစလည်း စချင်စရာပဲ နိုး၊ နင် ငါ့ကို အဲဒီလောက် ဂရု မစိုက်ပါနဲ့ ဟာ"

"အမလေး ... ရှင့်မှာ စေ့စပ်ပြီးသား ကတော်လောင်းရှိတယ်ဆိုတာ အားလုံးသိပြီးသားပါ။ ငါက နင့်ကို စေတနာနဲ့ ဂရုစိုက်တာ ဘယ်သူ့ကို ကြောက်နေရဦးမှာ လဲ၊ နင် ကိုယ်တိုင်က ငါ့စေတနာကို အဲဒီလိုထင်နေ တာ ငါ သိပ်ဝမ်းနည်းတာပဲ ခိုင်မင်း"

"ငါက နင့်အတွက်ပြောတာပါ နိုးရာ ငါနင့်ကိုခင်တယ်ချစ်တယ်ဆို တာကို သူတို့ လည်း သိနေတာပဲ။ ထမင်းစားချိန်ကျရင် ဟိုကောင်တွေနဲ့ ရော ... နင်နဲ့ ငါပါ အတူတူစားကြတာပေါ့ ဟုတ်လား"

***